ACC Against COVID-19



အစီအစဉ် (၆၅)

“သဘာဝသယံဇာတဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင်
အရေးကြီးသည့် နိုင်ငံရေးစေတနာ (POLITICAL WILL)”

တင်ပြသူ
မြတ်ဆုသင်း

သဘာဝပတ်ဝန်းကျင်နှင့် မြေပေါ်မြေအောက် သဘာဝသယံဇာတ စီမံခန့်ခွဲမှု ကိစ္စရပ်များတွင် ပေါ်ပေါက်လေ့ရှိသော အဂတိလိုက်စားမှုသည် ဆိုးရွားသော အဂတိလိုက်စားမှုဖြစ်ပြီး နိုင်ငံရေး၊ ငြိမ်းချမ်းရေး၊ လူမှုရေးနှင့် စီးပွားရေး ဖြစ်စဉ်များကို အကြီးအကျယ် ထိခိုက်မှု ရှိပါသည်။



ကျွန်းသစ်၊ ကျောက်စိမ်း၊
ကျောက်မျက်ရတနာ၊ရေနံ နှင့်
သဘာဝဓာတ်ငွေ့၊ရှားပါးသည့်သားရဲတိရိစ္ဆာန်ရေ
ာင်းဝယ်ဖောက်ကားမှုများမှ ရရှိလာသော
တရားမဝင် ငွေကြေးများသည်
ခန့်မှန်းရခက်အောင်
ပမာဏများပြားလှသည်ဟုTransparency
International ကဖော်ပြထားပါသည်။





တရားမဝင်ဈေးကွက်များ၏ နောက်ကွယ်တွင် အဂတိလိုက်စားသော အရာရှိများ၊ နိုင်ငံရေးအာဏာရှိသူများ၊
စီးပွားရေးသမားများနှင့် ခရိုနီများ ဆက်နွယ်ပူးပေါင်းကာ ဆောင်ရွက်လေ့ရှိသည်ဟု
သုတေသနစာတမ်းများတွင် ဖော်ပြထားပါသည်။ ၎င်းအပြင် အချို့သော တိုင်းပြည်များတွင်
မြေပေါ်မြေအောက်သယံဇာတမှ ရရှိသော တရားမဝင်ငွေကြေး(ငွေမည်း)များသည် အကြမ်းဖက်ဂိုဏ်းများ၊
တရားမဝင်လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပတ်သက်နေသည်ဟု ဖော်ပြထားပါသည်။



အချို့သောနိုင်ငံများတွင်လည်း
နိုင်ငံတော်၏ သယံဇာတစီမံခန့်ခွဲမှု
ဆိုင်ရာ မူဝါဒချမှတ်ခြင်း၊
လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်းတို့တွင်
နိုင်ငံရေးနှင့်စီးပွားရေးသမားများ
(Political and Social Elites)က
နောက်ကွယ်မှ ပါဝင်ကြိုးကိုင်ချယ်လှယ်လေ့
ရှိပါသည်။ ဤသို့သော အခြေအနေမျိုးသည်
အကြီးစားအဂတိလိုက်စားမှုပုံစံသဖွယ်
ဖြစ်ပေါ်နေပြီး ကိုင်တွယ်ရ
ခက်ခဲသည့်ကိစ္စရပ်လဲ ဖြစ်ပါသည်။





ယခုကဲ့သို့ COVID –19
ကမ္ဘာ့ကပ်ရောဂါကာလတွင်
ငင်းအကြီးစား အဂတိလိုက်စားမှု
ကိစ္စရပ်များအပေါ် အရေးပေးအာရုံစိုက်မှု
မလျှော့သင့်ပါကြောင်း
ပညာရှင်များမှ ထောက်ပြထားပါသည်။





Extractive Industries Transparency Initiative မှ သယံဇာတထုတ်လုပ်သည့် ကုမ္ပဏီများ အနေဖြင့် အစိုးရထံသို့ အခွန်ငွေပေးဆောင်ခြင်း၊ စာချုပ်ချုပ်ဆိုခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း ဆိုင်ရာ ကိစ္စရပ်များတွင် ပွင့်လင်းမြင်သာစွာချပြရန် လိုအပ်သည့်အပြင် ၎င်းကုမ္ပဏီများ၏ လုပ်ကွက်များမှ သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံလူထု၏ လူမှုစီးပွားဘဝ (Socio-economy) အပေါ်သက်ရောက်မှုများကိုပါ ထည့်သွင်းစဉ်းစားလုပ်ဆောင်ရန် လိုအပ်ကြောင်း ထောက်ပြထားပါသည်။

United Nations Office On Drugs and Crime မှလည်း သဘာဝသယံဇာတဆိုင်ရာ အဂတိလိုက်စားမှုကိစ္စကို ကောင်းမွန်ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်စေရန် အဆင်မြင့်ပိုင်းမှ နိုင်ငံရေးအထောက်အပံ့ (High level political support) လိုအပ်ပါကြောင်း ဖော်ပြထားပါသည်။





ဤသို့ရှုပ်ထွေးလှသည့်
သယံဇာတစီမံခန့်ခွဲမှုဆိုင်ရာ အကြီးစား
အဂတိလိုက်စားမှုအား ကိုင်တွယ်ဖြေရှင်းသည့်
အစိုးရ(သို့) အဖွဲ့အစည်းသည် အခက်အခဲများ၊
မမျှော်မှန်းနိုင်သည့် အကြပ်အတည်းများ ရင်ဆိုင်
ရလေ့ရှိပါသည်။ ထို့ကြောင့် ခိုင်မာပြင်းပြသော
နိုင်ငံရေးစေတနာနှင့် ဆုံးဖြတ်ချက်များ
(Political Will and Commitment) များ
လိုအပ်ပါကြောင်း ပညာရှင်များမှ
ပြောကြားခဲ့ပါသည်။



မြေပေါ်မြေအောက် သဘာဝသယံဇာတသည် လက်ရှိ အသက်ရှင်သန်နေကြသော လူသားမျိုးနွယ်သာလျှင် သက်ဆိုင်သည့် အရာမဟုတ်ပါ။ ကမ္ဘာကြီး၏ ဂေဟစနစ်အတွင်းရှိ တိရိစ္ဆာန်၊ သတ္တဝါအားလုံးနှင့် နောက်ပေါက်ဖွားလာမည့် လူမျိုးဆက်သစ်များနှင့်လည်း သက်ဆိုင်ပြီး နောက်မျိုးဆက်အတွက် ထည့်သွင်းစဉ်းစား ပေးရမည့် သဘာဝတရားမှ ပေးအပ်သော ပြန်လည် အစားမရနိုင်သည့် အရင်းအမြစ် (Inheritance of Non–renewable resource) အမွေအနှစ်ဖြစ်ပါသည်။



ဤသို့ အများနှင့်သက်ဆိုင်သည့် သဘာဝအမွေအနှစ်များကို အလွန်အကျွံတရားမဝင်ထုတ်ယူ သုံးစွဲခြင်းက ကြီးမားသည့် အဂတိလိုက်စားမှုမြောက်ရုံသာမက အနာဂတ်မျိုးဆက်များအပေါ်တွင် ထည့်သွင်းစဉ်းစားမှုမပြုသည့် ကိစ္စရပ်ဖြစ်ပါသောကြောင့် ၎င်းအဂတိလိုက်စားမှုကို ကိုင်တွယ်ရန် ခိုင်မာပြင်းပြသည့် နိုင်ငံရေးစေတနာ (Political Will) သည် အင်မတန်အရေးကြီးလှကြောင်း တင်ပြ လိုက်ရပါသည်။

ကိုးကားသည့် စာစောင်များ

- Targeting Corruption in environmental crime and natural resource governance: How can thinking and working politically help to unlock political will?
- What the Pandemic reveals about governance , state capture and natural resources
- Are natural resources a curse , a blessing , or a double– edged swords?
- Corruption in extractive value chain, OECD